Mother Finance မှ ကြိုဆိုပါတယ်ခင်ဗျာ။ လူကြီးမင်းတို့အနေဖြင့် မိမိတို့၏ ကိုယ်ပိုင်အချက်အလက်များ လုံခြုံရေးနှင့် ပတ်သတ်လာလျှင် အဆုံးစွန်ဆုံးသော အလေးထားဂရုစိုက်မှုများကိုအလိုရှိကြောင်းကျွန်တော်တို့ အနေဖြင့်ယုံကြည်အလေးထားပါသည်။ အောက်ပါပုဂ္ဂလိက လုံခြုံရေး ဆိုင်ရာ မူဝါဒများ သည် Mother Finance Co., Ltd. နှင့် ကုမ္ပဏီ၏ **Mobile App, Mother Finance (together, “Mother Finance”, “we”, “us” or “our” )** တို့အတွက် အကျုံးဝင်ပါသည်။

မူဝါဒတွင်အသုံးပြုများအနေဖြင့် ကျွန်တော်တို့၏ website, services နှင့် mobile app များကိုအသုံးပြု ဝင်ရောက်ခဲ့သော အချက်အလက်များ အားမည် ကဲ့သို့စုဆောင်းခြင်း၊ အသုံးပြုခြင်း၊ ကာကွယ်ခြင်းနှင့် ဒေတာများအားမည်ကဲ့သို့ဖော်ပြပေးခြင်း အကြောင်းများရှင်းပြထားပါသည်။ ထို့အပြင် အသုံးပြုသူ ကိုယ်တိုင်ရွေးချယ်နိုင်သော သတင်းအချက်အလက်ရှာဖွေမှုများနှင့် ကိုယ်ပိုင်အချက်အလက် အသုံးပြုမှုများအကြောင်းများလည်း ရှင်းပြထားပါသည်။ ထို ကဲ့သို့ဝင်ရောက်အသုံးပြုခြင်းများတွင် လည်းအသုံးပြုသူ၏ သဘောတူညီမှုဖြင့်သာ ပြုလုပ်ရမည်ဖြစ်ပါသည်။ မူဝါဒနှင့်ပက်သတ်၍ သိလိုသည်များနှင့်မေးမြန်းလိုသည်များ ရှိပါကသို့မဟုတ်အသုံးပြုရာတွင် အကူအညီများလိုအပ်ပါက help@motherfinance.com.mm သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

ယခုမူဝါဒသည် လက်ရှိအသုံးပြုသူများ သာမကပဲ ယခင်အသုံးပြုခဲ့သူများအတွက်ပါ အကျုံးဝင်ပါသည်။ကျွန်တော်တို့၏ ဝန်ဆောင်မှုများအား အသုံးပြုနိုင်ရန်အတွက် အသုံးပြုသူသည် အသက်(၁၈)နှစ် ပြည့်ပြီးရန် လိုအပ်ပါသည်။

## Mother Finance မှကောက်ယူသောသုံးစွဲသူအချက်အလက်များ

### သုံးစွဲသူကိုယ်တိုင်ပေးသောအချက်အလက်များ

သုံးစွဲသူများမှ www.motherfinance.com.mm website နှင့်အခြားသော website များ၊ desktop သို့မဟုတ် mobile app များမှဝင်ရောက်အသုံးပြုသော အချိန်တွင်အသုံးပြုသူ၏ ကိုယ်ရေးအချက်အလက်များ ကောက်ယူပါသည်။ ကနဦးဝင်ရောက်ချိန်နှင့် လုပ်ငန်းဆောင်တာများ ဆောင်ရွက်နေချိန် တွင် အများဆုံးကောက်ယူမည်ဖြစ်ပြီး ထပ်ဆင့်ဝင်ရောက်သော website များသို့မဟုတ်ကျွန်တော်တို့မှဖုန်း၊ email သို့မဟုတ် အခြားသော နည်းလမ်း ဖြင့်ဆက်သွယ်ရသော အချက်အလက်များအားလည်း စုဆောင်းထားရှိမည်ဖြစ်ပါသည်။ သတ်မှတ်ထားသော အချက်အလက်များကိုမူ ကနဦးစတင် ဝင်ရောက်စဉ်ကပင် ဖြည့်စွက်ပေးရမည်ဖြစ်ပြီး ထိုကဲ့သို့ပြုလုပ်ခြင်းသည် ဥပဒေလုပ်ထုံးများ နှင့်အညီဖြစ်စေသည့် အပြင် သုံးစွဲသူ၏ ကိုယ်ပိုင် သတ်မှတ်ချက်၊ ချေးငွေအတွက် သင့်တော်သူဖြစ်မဖြစ်၊ လိမ်ညာမှုမဖြစ်စေရန်နှင့် သုံးစွဲသူ၏ လုပ်ငန်းပြည့်စုံချောမွေ့စေရန်ဖြစ်ပါသည်။ အောက်ပါအချက်အလက်များအားကောက်ယူမည်ဖြစ်ပါသည်။

- သုံးစွဲသူ၏အခြေခံအချက်အလက်များ (ဥပမာ-အမည်၊ နေရပ်လိပ်စာ၊ email၊ ဖုန်းနံပါတ်နှင့် မွေးရက်) ။
- နိုင်ငံသားမှတ်ပုံတင်ကဒ် အမှတ်။
- အလုပ်အကိုင်နှင့်ဝင်ငွေ
- ဘဏ်စာရင်းနှင့်အချက်အလက်များ
- ချေးငွေအားအသုံးပြုမည့်ကုန်သည်သို့မဟုတ်ဝန်ဆောင်မှုလုပ်ငန်း၊၎င်းကုန်သည်သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း၏မှတ်ပုံတင်သတ်မှတ် ချက်နှင့် ကုန်ပစ္စည်းသို့မဟုတ်ဝန်ဆောင်မှုအား လက်ခံမည့်အဖွဲ့အစည်း၏ အချက်အလက်များ။
- အသုံးပြုသူမှဖော်ပြသောအခြားသောအချက်အလက်များ။

ထို့အပြင်ကျွန်တော်တို့အားမေးမြန်းထားသောသူများနှင့် email လိပ်စာများအား မှတ်တမ်းတင် သိမ်းဆည်း်ထားမည်ဖြစ်ပြီးထိုကဲ့သို့သိမ်းဆည်းထားခြင်းသည် မေးခွန်းများကိုပြန်လည် ဖြေဆို နိုင်ရန်အတွက်ဖြစ်ပါသည်။ အကယ်၍အသုံးပြုသူသည် ကျွန်တော်တို့၏ Facebook page ရှိ comment section တွင်ဝင်ရောက်အသုံးပြုမည်ဆိုပါက အသုံးပြုသူ၏ ကိုယ်ပိုင်အချက် အလက် များသည် comment တွင်ရှိနေပြီး မည်သူမဆိုမြင် တွေ့နိုင်ကြောင်း ကိုလည်း သိရှိထား ရမည်ဖြစ်ပါသည်။ ပူးပေါင်းလုပ်ဆောင်မည့် အဖွဲ့အစည်းများမှ ကောက်ယူမည့် အချက်အလက်များ Mother Finance မှ အသုံးပြုသူ၏ ချေးငှါးသူအကောင့်မှတဆင့် ငွေချေး ယူနိုင်ခြင်းရှိမရှိ ဝင်ရောက်ကြည့်ရှုရာတွင် ချေးငွေဆိုင်ရာဌာနနှင့် အခြားပူးပေါင်း ဆောင်ရွက် သည့်အဖွဲ့များမှလည်း အချက်အလက်များ ကောက်ယူမည်ဖြစ်ပါသည်။ ထိုကဲ့သို့ပြုလုပ်ခြင်းသည် အသုံးပြုသူ၏ ချေးငွေရယူနိုင်ခွင့်ရှိ မရှိ ဆုံး ဖြတ်ခြင်း၊ စီစစ်တွက်ချက်ခြင်း၊ ကနဦးချေးငွေအတွက် ဆုံးရှုံးနိုင် ချေများနှင့် ချေးငွေပေးအပ်မည့် ရင်းနှီးမြုပ်နှံသူများအား အကူအညီပေးနိုင်ရန်ဖြစ်ပါသည်။ ထို့အပြင်ချေးငွေဌာနများနှင့် တခြားပူးပေါင်း ဆောင်ရွက်သော အဖွဲ့များမှတဆင့်အသုံးပြုသူ၏ ချေးငွေကာလအပိုင်း အခြားအတွင်းရှိ အချက်အလက်များအား လည်းကောက်ယူမည်ဖြစ်ပြီး ၎င်းသည် ချေးငွေဆုံးရှုံးနိုင်ခြေတွက်ချက်ရန် နှင့်ရင်းနှီးမြုပ်နှံသူများအား အသုံးပြုသူ၏ချေးငွေအား ဝယ်လိုခြင်း သို့မဟုတ် ရောင်းချလိုခြင်းများ အတွက် သတင်းအချက်အလက် ပေးနိုင်ရန်တို့အပြင် အသုံးပြုသူတို့အား ဈေးကွက်သတင်းများဝေမျှနိုင်ရန်ဖြစ်သည်။ အခြား ကုမ္ပဏီတစ်ခုခုမှ အသုံးပြု သူအားလွှဲပြောင်းပေးခြင်း သို့မဟုတ် ကူညီခြင်းများပြုလုပ်ခဲ့ပါက ထိုကုမ္ပဏီမှတဆင့် အသုံးပြု သူ၏အချက်အလက်များ ကောက်ယူ၍ လုပ်ငန်းများဆက်လက်လုပ်ဆောင်နိုင်ရန် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

အောက်ပါအချက်အလက်များအားငွေချေးသူနှင်းငှါးရမ်းသုံးစွဲသူများထံမှကောက်ယူမည်ဖြစ်ပါသ
ည်။

- အသုံးပြုသူ၏ကိုယ်ပိုင်အချက်အလက်နှင့်လျှောက်ထားမှုအချက်အလက်များ (ဥပမာ- အမည်၊ လိပ်စာ၊ email၊ phone number၊ မွေးရက်နှင့် အလုပ် အကိုင် နှင့်ပတ်သက်သော အချက်အလက်များ)
- အသုံးပြုသူ၏ချေးငွေပမာဏ၊ ချေးငွေအကြောင်းနှင့်ချေးငွေပြန်ဆပ်နိုင်မည်ဟုစိတ်ချရသောသက်ဆိုင်ရာအချက်အလက်များ၊ သတ်မှတ် ချက်များနှင့် ငွေကြေးဆိုင်ရာလုပ်ငန်းများ။
- ဘဏ်အကောင့်ဆိုင်ရာ အချက်အလက်နှင့် လက်ရှိလုပ်ငန်း။
- ချေးငွေသည်ကုန်သည် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုအတွက်လျှောက်တင်ခဲ့သည်ဆိုပါလျှင် ၎င်းတို့နှင့်ပတ်သက်သော အငြင်းပွားနိုင်ဖွယ်ရာ အချက်အလက်များ။
- အကယ်၍ချေးငွေသည် Mother Finance မဟုတ်သောအခြား online အသုံးပြု ဆောင်ရွက်ပေးသော ပူးပေါင်းအဖွဲ့အစည်းများမှတဆင့် လျှောက်တင်ခဲ့သည်ဆိုပါလျှင် ထိုအဖွဲ့အစည်း၏လုပ်ထုံးနည်းများနှင့်အခြေအနေများ။

## Mother Finance Platform ပေါ်တွင် အသုံးပြုသူများအသုံးပြုသည့်မှတ်တမ်းများ ကောက်ယူခြင်း

အသုံးပြုသူများအား ဝန်ဆောင်မှုပေးနိုင်ရန်၊ ကျွန်တော်တို့၏ လုပ်ငန်းတိုးတက်ရန်နှင့် ဥပဒေကြောင်း ဆိုင်ရာမှတ်တမ်းတင်ထားရန် လိုအပ်သော အချက် အလက်များအတွက် သုံးစွဲသူများ၏ လုပ်ဆောင်ချက်များနှင့် လုပ်ငန်းစဉ်များအား ကောက်ယူထားမည်ဖြစ်ပါသည်။ ချေးငှါးသူများအတွက်မူအသုံးပြုသူ၏ ငွေပေးချေမှုမှတ်တမ်းနှင့် အတူအသုံးပြုသူ၏ ကွန်ပျူတာမှ အချက်အလက်များ၊ အသုံးပြုသူ၏ကျွန်တော်တို့ website နှင့် အခြားသောသက်ဆိုင်ရာ ဆက်စပ်လျှက်ရှိသော website များဝင်ရောက်ကြည့်ရှုမှုများ၊ IP address နှင့်ကြည့်ရှုခဲ့သည့်နေရာ၊ အသုံးပြုဝင်ရောက်သည့် browser အမျိုးအစား၊ ပြောင်းလဲဝင်ရောက်ခဲ့ သည့်နေရာ၊ ဝင်ရောက်ကြည့်ရှုကြာချိန်၊ နှိပ်ခဲ့သည့်ခလုပ်များနှင့် ကြည့်ခဲ့သည့်စာမျက်နှာများအား ကောက်ယူမှတ်တမ်း

# မှတ်တမ်းကောက်ယူမည့် နည်းပညာများ

- **Cookies and Web Beacons**

  Mother Finance ၊ဈေးကွက်ပါတနာများနှင့်ဝန်ဆောင်မှုပေးသောအဖွဲ့များသည် cookies၊ beacons၊ tags and script ကဲ့သိုသော နည်းပညာများ ကိုအသုံးပြုပြီး ဈေးကွက် အလားလာ အားသုံးသပ်ရန်၊ website ကိုစီမံရန်၊ website အသုံးပြုသူများ၏ လုပ်ဆောင်ချက် လမ်းကြောင်း များချောမွေ့စေရန်နှင့်အသုံး ပြုသူ အခြေခံဒေသအလိုက် အချက်အလက် စုဆောင်းခြင်းများ ပြုလုပ်ပါသည်။ ထိုသို့ ပြုလုပ်ခြင်းများမှတဆင့် တစ်ဦး တစ်ယောက် ခြင်းမှ သတင်းပိုင်မှုများရရှိပြီး အခြေခံစုစည်းမှု ပြုလုပ်ပါသည်။ အသုံးပြုသူသည် အကောင့်အား ဝင်ရောက် အသုံးပြုသောအခါ ကျွန်တော်တို့သည် cookies အားအသုံးပြု၍ အသုံးပြုသူ၏ ကိုယ်ပိုင်လမ်းကြောင်း ချောမွေ့စေရန် မှန်ကန်စေရန်နှင့် အတုအယောင် များ သိစေရန် ဆောင်ရွက်ပေးပါသည်။ထို့အပြင် cookies များအား ကိန်းဂဏန်းဆိုင်ရာ အချက် အလက်များ၊ ဝင်ရောက်မှုများသော webpageများ၊ downloadလုပ်ခဲ့သော အချက် အလက်များ၊ ကျွန်တော်တို့ site အားမဝင် ရောက်မီနှင့်ဝင် ရောက်ပြီး နောက် ဝင်ရောက် ခဲ့သော sites များအကြောင်းလည်း စုစည်းမှတ်သား ပေးပါသည်။ အသုံးပြုသူ၏ browser မှ တဆင့် cookies အသုံးပြုမှုအားထိန်းချုပ်နိုင်ပါသည်။ သို့သော် အသုံးပြုသူအနေဖြင့် cookies အသုံးပြုမှုအား ငြင်းဖယ်မည်ဆိုလျှင် ကျွန်တော်တို့websiteအားအသုံး ပြုနိုင်စွမ်း မှာ အကန့်အသန့် ရှိသွားမည်ဖြစ်သည်။

- **Usage Data and Site Activity**
  Mother Finance သည် သက်ဆိုင်ရာအချက်အလက်များနှင့် ဆက်စပ်သည်များ သိမ်းဆည်း ရန်HTML5 ကဲ့သို့သော local storage များအား အသုံးပြုပါသည်။အမျိုးမျိုးသောbrowser များ သည်သက်ဆိုင်ရာ နည်းပညာများဖြင့်HTML5 အားဖျက်ပစ်ရန် အသုံးပြုနိုင်ပါသည်။

- **Third Party Technologies**
  ကျွန်တော်တို့သည် အခြားသော နည်းပညာအဖွဲ့အစည်းများ နှင့် အကျိုးတူပူးပေါင်း၍ ကျွန်တော်တို့၏site အားကြော်ငြာရန်နှင့်site၏ လုပ်ငန်းဆောင်တာတစ်ခုလုံး ဆောင်ရွက် မှုကောင်းမွန်စေရန် ဆောင်ရွက်ပါသည်။ ထိုကဲ့သို့ ပူးပေါင်းထားသော နည်းပညာအဖွဲ့ များမှလည်း cookies ကဲ့သို့သော နည်းပညာများအသုံးပြု၍ အသုံးပြု သူ၏ လုပ်ဆောင် ချက်များအား ကျွန်တော်တို့နှင့်အခြားသော website များပေါ်တွင် စုစည်း တင်ပြခြင်းဖြင့် အသုံးပြုသူ၏ ဈေးကွက်နှင့် စိတ်ဝင်စားမှုအပေါ် မူတည်၍ ကျွန်တော် တို့၏ဈေးကွက်

အကျိုးသက်ရောက်မှု သို့မဟုတ် website၏လုပ်ဆောင်ချက်အားလုံးအတွက် လမ်းကြောင်းဖြစ်ပေါ်စေသည်။

- **'Do-Not-Track'Signals**
  Mother Finance သည် လုပ်ဆောင်ချက်များ မမှတ်မိစေရန် 'Do not track' signals နှင့် ၎င်းကဲ့သို့သော လုပ်ဆောင်ချက်များအား တုံ့ပြန်မှုမပြုလုပ်ပါ။ထိုလုပ်ဆောင်ချက်များသည် website ကို ဝင်ရောက်သူများ၏ လုပ်ဆောင်ချက်များအား စုဆောင်းသိမ်း ဆည်းခြင်းများမပြုလုပ်စေရန် လုပ်ဆောင်ခြင်းမျိုးဖြစ်သည်။

## အသုံးပြုသူများ၏အချက်အလက်များအား Mother Finance မှ မည်သို့ အသုံးပြုသနည်း

ကျွန်တော်တို့သည် သုံးစွဲသူ၏ ကိုယ်ရေးအချက်အလက်များအား ပူးပေါင်းဖွဲ့စည်းထားသော ကုမ္ပဏီများနှင့် အခြားဆက်စပ်လုပ်ကိုင်သော ကုမ္ပဏီများအားမူဝါဒတွင် ဖော်ပြထားသော အချက်များနှင့် ကိုက်ညီစွာပင် လွှဲပြောင်းမျှဝေပေးပါသည်။ သုံးစွဲသူများသည်၎င်းတို့၏ အချက်အလက်များ မျှဝေခြင်းများအား ဥပဒေကြောင်းအရ အချို့ကိုတားဆီး နိုင်သော်လည်း အချို့ကိုမူမရပါ။

ကျွန်တော်တို့သည် သုံးစွဲသူ၏ ကိုယ်ရေးအချက်အလက်များအား ပူးပေါင်းဖွဲ့စည်းထားသော ကုမ္ပဏီများနှင့် အခြားဆက်စပ်လုပ်ကိုင်သော ကုမ္ပဏီများအားမူဝါဒတွင် ဖော်ပြထား သော အချက်များနှင့် ကိုက်ညီစွာပင် လွှဲပြောင်းမျှဝေပေးပါသည်။သုံးစွဲသူများသည် ၎င်းတို့၏ အချက်အလက်များ မျှဝေခြင်းများအား ဥပဒေကြောင်းအရ အချို့ကိုတားဆီးနိုင်သော်လည်း အချို့ကိုမူမရပါ။

ကျွန်တော်တို့သည် သုံးစွဲသူ၏ကိုယ်ရေးအချက်အလက်များအား ပူးပေါင်းဖွဲ့စည်း ထားသော ကုမ္ပဏီများနှင့် အခြားဆက်စပ်လုပ်ကိုင်သော ကုမ္ပဏီများအား မူဝါဒတွင် ဖော်ပြထားသော အချက်များနှင့် ကိုက်ညီစွာပင်လွှဲပြောင်းမျှဝေပေးပါသည်။ သုံးစွဲသူများသည်. ၎င်းတို့၏ အချက်အလက် များ မျှဝေခြင်းများအား ဥပဒေကြောင်းအရ အချို့ကိုတားဆီးနိုင်သော်လည်း အချို့ကိုမူမရပါ။

အကျိုးတူ ပူးပေါင်းဆောင်ရွက်သောငွေကြေးဆိုင်ရာ platform များ။ Mother Finance အား အသုံးပြုသော အချို့သောချေးငွေပုံစံများသည်အခြားသော online platform များမှ ဆောင်ရွက်ပေးခြင်းများဖြစ်ပြီး ထို finance platform များသို့လည်း အသုံးပြုသူ၏အချက်အလက်များ ပေးပို့ရမည် ဖြစ်သည်။ ထို အချက်များအား အသုံးပြုခွင့်သည်လည်း ထိုကုမ္ပဏီများ၏ မူဝါဒအတိုင်းသာဖြစ်ပါသည်။

အကျိုးတူ ပူးပေါင်းထားသောဝန်ဆောင်မှုပေးသောအဖွဲ့အစည်းများ။ Mother Finance သည် အကျိုးတူပူးပေါင်းထားသော ဝန်ဆောင်မှုပေးခြင်းများအား ကုမ္ပဏီ၏လုပ်ငန်းချောမွေ့စေရန်နှင့် ဈေးကွက်လှုပ်ရှားမှုများ အတွက် တည်မှီထားပါသည် ။ဖိုင်များသိမ်းဆည်းခြင်းနှင့် မှတ်တမ်းများ ထိန်းသိမ်းခြင်း ၊သုံးစွဲသူဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းများ ၊ဈေးကွက်ဆက်သွယ်ရေးများ ချိတ်ဆက်ပေးခြင်း၊ ရန်ပုံငွေလွှဲပြောင်းပေးခြင်းများ ပြုလုပ်ပေးပါသည်။ Mother Finance သည် သုံးစွဲသူ၏ အချက်အလက်များအား ထိုကုမ္ပဏီများအား လွှဲပြောင်းမျှဝေသွားမည်ဖြစ်သည်။ထို ကုမ္ပဏီများ သည်သုံးစွဲသူ၏ အချက် အလက်များအား Mother Financeအားဝန်ဆောင်မှု ပေးရန် လိုအပ်သော အချိန်မှသာ အသုံးပြုရမည်ဖြစ်သည်။

အကျိုးတူပူးပေါင်းထားသော ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများ။ Mother Finance သည် အကျိုးတူပူးပေါင်းထားသော ဝန်ဆောင်မှုပေးခြင်းများအား ကုမ္ပဏီ၏လုပ်ငန်းချောမွေ့စေရန်နှင့် ဈေးကွက်လှုပ်ရှားမှုများအတွက်တည်မှီထားပါသည်။ဖိုင်များသိမ်းဆည်းခြင်းနှင့်မှတ်တမ်းများထိန်းသိမ်းခြင်း၊ သုံးစွဲသူဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းများ၊ ဈေးကွက်ဆက်သွယ်ရေးများ ချိတ်ဆက်ပေးခြင်း၊ ရန်ပုံငွေလွှဲပြောင်းပေးခြင်းများ ပြုလုပ်ပေးပါသည်။ Mother Finance သည် ထိုကုမ္ပဏီများသည် သုံးစွဲသူ၏ အချက်အလက်များအား Mother Finance အား ဝန်ဆောင် မှု ပေးရန် လိုအပ်သော အချိန်မှသာ အသုံးပြုရမည်ဖြစ်သည်။

**ချေးငွေထုတ်ပေးသူများ။** Mother Finance သည်အသုံးပြုသူ၏ ချေးငွေအားကိုယ်ပိုင် platform မှတဆင့် ရောင်းချရာတွင် ချေးငွေထုတ်ပေးမည့် သူများအား အသုံးပြုသူ၏ ကိုယ်ရေးနှင့် ငွေကြေးဆိုင်ရာ အချက်အလက်များ ပေးရပါသည်။ သို့သော် ထိုအချက်အလက်များသည် ငွေကြေးအဖွဲ့အစည်း ဆိုင်ရာ ခိုင်မာသော ကာကွယ်ပေးမှုရှိသော ချေးငွေထုတ်ပေးသူများကိုသာ သုံးစွဲသူ၏ အချက်အလက်များ လုံခြုံစေရန်အလို့ငှါ မျှဝေပေးမည်ဖြစ်ပါသည်။

**တဆင့်ခံပါတနာများ။** အသုံးပြုသူသည် Mother Finance အား အခြားကုမ္ပဏီ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးမှ လွှဲပြောင်းပေးခဲ့သည်ဆိုလျှင်Mother Finance သည်ထိုကုမ္ပဏီ သို့မဟုတ် ပုဂ္ဂိုလ်အားသဘောတူညီမှု ပဋိညာဉ်အရလည်းကောင်း အသုံးပြုသူ၏ လုပ်ငန်းဆက်လက်

ဆောင်ရွက်နိုင်စေရန် လည်းကောင်း အသုံးပြုသူ၏ ကိုယ်ရေးအချက်အလက်များအား လွှဲပြောင်းပေးသွားမည် ဖြစ်ပါသည်။ တခါတရံတွင်မူ Mother Finance သည်ထိုတဆင့်ခံ ကုမ္ပဏီ ပါတနာများ ၏ အကျိုးအလို့ငှါ၊ ဥပမာ- စီစစ်နိုင်ရန် နှင့်စီးပွားရေးလုပ်ငန်း တိုးတက်စေရန်၊ ထို့အပြင် အသုံးပြုသူများအား ဦးတည်သော ဈေးကွက် ကမ်းလှမ်းမှုများပြုလုပ်နိုင်ရန်အတွက် အသုံးပြုသူများ၏ အချက်အလက်များ မျှဝေပေးပါသည်။အသုံးပြုသူများ၏ ကိုယ်ပိုင် အခွင့်အရေး ရပိုင်ခွင့်အားလည်း အလေးထားကြောင်း ဆက်လက်ဖော်ပြမည့် အချက်များတွင် တင်ပြထားပါသည်။ကုန်သည်များ သို့မဟုတ် ဝန်ဆောင်မှုပေးသူများ။ အသုံးပြုသူများသည် ကုန်သည်များ သို့မဟုတ် ဝန်ဆောင်မှုပေးသူများမှတဆင့် ချေးငွေလျှောက် မည်ဆိုပါက Mother Finance သည် အသုံးပြုသူ၏ အချက်အလက်နဲ့အတူ ချေးငွေလျှောက်ရာ တွင်ပါဝင်သော ကုန်သည် သို့မဟုတ် ဝန်ဆောင်မှု ပေးသူများ၏ အချက်အလက်များကို ပါမျှဝေမည်ဖြစ်ပါသည်။

**ငွေကြေးဆိုင်ရာဌာနများ။** Mother Finance သည် အသုံးပြုသူများ၏အချက်အလက်များအား ငွေကြေးဆိုင်ရာ အစိုးရဌာနများသို့လည်း ငွေကြေးဆိုင်ရာ သတင်းပို့မှုဝတ္တရားအတိုင်း မျှဝေပေးအပ်သွားမည်ဖြစ်ပါသည်။

**ပူးပေါင်းဖွဲ့စည်းထားသော ကုမ္ပဏီများ။** Mother Finance Affiliates၊ မူဝါဒနှင့်အကျုံးဝင်သော အဖွဲ့အစည်းများနှင့် ပိုင်ဆိုင်သူသို့မဟုတ်ထိန်းချုပ် သူတူညီသော ကုမ္ပဏီများမှလည်း အသုံးပြုသူ၏ အချက်အလက်များအား အပြန်အလှန်မျှဝေပေးမည်ဖြစ်ပြီး သုံးစွဲသူ၏ ချေးငွေ ပြန်ဆပ်နိုင်ချေများနှင့် သက်ဆိုင်သောအချက်များလည်း ပါဝင်မည်ဖြစ်ကာ ၎င်းသည် စီးပွားရေး စီစစ်ချက်များအတွက် သို့မဟုတ် ရည်မှန်းထားသော ဈေးကွက်များအား အသုံးပြုသူများသို့ ကမ်းလှမ်းနိုင်ရေးဖြစ်သည်။အသုံးပြုသူများ၏ ကိုယ်ပိုင်အခွင့်အရေး ရပိုင်ခွင့်အားလည်း အလေးထားကြောင်း ဆက်လက် ဖော်ပြမည့် အချက်များ တွင် တင်ပြ ထားပါသည်။

ဥပဒေအကြောင်းအရာနှင့် စည်းမျဉ်းဆိုင်ရာလိုအပ်ချက်များ။ Mother Financeသည် သက်ဆိုင်သော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေအကြောင်းရာများနှင့် အစိုးရ၏ သတ်မှတ်ချက်များ လိုက်နာနိုင်ရန် သို့မဟုတ်၊ ရင်းနှီးမြုပ်နှံသူများ သို့မဟုတ် ကနဦး ရင်းနှီး မြုပ်နိုင်ချေရှိသူများအား လိုက်နာနိုင်စေရန် သို့မဟုတ် အတုအယောင်များအား တားဆီးနိုင်ရန် သို့မဟုတ် စာရင်းစစ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်သို့မဟုတ် အကျိုးတူပူးပေါင်း ထားသောအဖွဲ့များသို့ Mother Finance အား ရောင်းချသော အခါများအတွက်လည်း အချက်အလက်များမျှဝေပေးအပ်ပါသည်။

အမည်မသတ်မှတ်ထားသော ဒေတာများမျှဝေခြင်း။ Mother Finance သည် စုဆောင်းထားသော အမည်သတ်မှတ်ချက်မရှိသည့် ဒေတာဖိုင်များ အား လည်း မျှဝေမည်ဖြစ်ပြီး ၎င်းဒေတာများတွင်

အသုံးပြုသူ၏ အချက်အလက်များနှင့်အတူ အသုံးပြုခဲ့သော အကျိုးတူပူးပေါင်းအဖွဲ့အစည်းများ၊ ကန့်သတ်ထားသော စီးပွားရေးပါတနာများ ၊ဝန်ဆောင်မှုပေးသူများ၊ ချေးငွေထုတ်ပေးသူများ ၊ချေးငွေထုတ်ပေးနိုင်ချေရှိသူများနှင့် Mother Finance ၏ ပူးပေါင်းဖွဲ့စည်းထားသော ကုမ္ပဏီများပါဝင်မည် ဖြစ်ပါသည်။ သို့သော် ထိုဒေတာများတွင် ပုဂ္ဂလိက သတ်မှတ်ချက်ဆိုင်ရာ သိသာစေသောအချက်များမပါဝင်ပါ။

## အရေးကြီးသောပုဂ္ဂလိကလုံခြုံရေးဆိုင်ရာရွေးချယ်စရာများ

### အကျိုးတူပူးပေါင်းဆောင်ရွက်သောအဖွဲ့အစည်းများအားအချက်အလက်များမျှဝေခြင်းသဘောတူညီချက်(တဆင့်ခံပါတနာများ)

ပုဂ္ဂလိက လုံခြုံရေးဆိုင်ရာ မူဝါဒအားလက်ခံခြင်းသည် Mother Finance မှ အသုံးပြုသူ၏ အချက်အလက် များအား မည်သည့်အကျိုးတူ ပူးပေါင်း ထားသော အဖွဲ့အစည်းကိုမဆို လွှဲပြောင်း ပေးနိုင်ပြီး ထိုအဖွဲ့အစည်းများမှ ၎င်းတို့၏စီးပွားရေးဦးတည်ချက်အဖြစ် အသုံးပြုသူ၏ အချက်အလက်များအသုံးပြု၍ အသုံးပြုသူ ဈေးကွက်ရှာခြင်းများ ပြုလုပ်နိုင်ခွင့်ကို သဘောတူခြင်းဖြစ်သည်။ ဥပမာအားဖြင့် အသုံးပြုသူသည် website link သို့မဟုတ် ဖုန်းဖြင့် အခြား ကုမ္ပဏီတစ်ခုမှ Mother Finance သို့လွှဲပြောင်းပေးခဲ့သည်ဆိုလျှင် Mother Finance သည်ချေးငွေနှင့်ပတ်သက်သောအသုံးပြုသူ၏ အချက်အလက်များအား ထိုကုမ္ပဏီသို့မျှဝေပေးမည် ဖြစ်ပါသည်။ သဘောတူညီချက်အား ဆက်လက်ဖော်ပြမည့် လုပ်ငန်းစဉ်များနှင့် အညီလည်း အချိန်မရွေးပြန်လည်ရုပ်သိမ်းနိုင်ပါသည်။အသုံးပြုသူ စတင်ခဲ့သော လုပ်ငန်းပြီးဆုံးရန် လိုအပ်သော အချက်များမှ အပအချက်အလက်များ သည်သဘောတူညီချက် ရုတ်သိမ်းပြီးသည့်နောက်တွင် ဆက်လက် မျှဝေတော့မည်မဟုတ်ပါ။

## (ပူးပေါင်းဖွဲ့စည်းထားသောကုမ္ပဏီများ) ကျွန်တော်တို့ပိုင်ဆိုင်သောသို့မဟုတ်ထိန်းချုပ်ထားသောကုမ္ပဏီများသို့အချက်အလက်များမျှဝေပေးခြင်းအားထိန်းချုပ်နိုင်ခွင့်

Mother Finance သည် ပူးပေါင်းဖွဲ့စည်း တည်ထောင်ထားသောကုမ္ပဏီများသို့ အသုံးပြုသူ၏ အချက်အလက်များအား ဝေမျှသွားမည်ဖြစ်ပြီး ထိုကုမ္ပဏီများသည်မူဝါဒနှင့် အကျုံးဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ ဝေမျှသွားမည်ဖြစ်သည်။ သုံးစွဲသူ၏အချက်အလက်များကန့်သတ်ခွင့်ကို ဥပဒေမှ ခွင့်ပြုထားမည်ဖြစ်ပြီး သုံးစွဲသူ၏ လုပ်ငန်းများအပြင် ချေးငွေပြန်ဆပ်နိုင်မည်ဟု ယုံကြည်ရသော အချက်များသို့မဟုတ် သုံးစွဲသူဈေးကွက် ဦးတည်ချက်များကဲ့သို့သော အချက်များပါဝင်မည် ဖြစ်သည်။ ထိုကဲ့သို့ မျှဝေနိုင်ခွင့်များအား မူဝါဒထဲမှ ဖယ်ထုတ်ထားချင်ပါက အောက်ပါ ညွှန်ကြား

ချက်များ လိုက်နာရန်လိုအပ်ပါသည်။ မူဝါဒကြေငြာချက်ထုတ်ပြီးရက်၃၀အတွင်း ဖယ်ထုတ်လိုကြောင်းအကြောင်းမကြားလျှင် ဈေးကွက်ရည်ရွယ်ချက်အတွက် အသုံးပြုလိုသောအချက်များနှင့် ချေးငွေပြန်ဆပ်နိုင်မည်ဟုယုံကြည်ရသော အချက်များအား စတင်မျှဝေပေးမည်ဖြစ်သည်။

ပုဂ္ဂိုလ်ကလုံခြုံရေးဆိုင်ရာ မူဝါဒနှင့် မသက်ဆိုင်သော Mother Finance နှင့် ပူးပေါင်းဖွဲ့စည်းထားသော ကုမ္ပဏီများအား အချက်အလက်များ ဝေမျှခွင့်အား ဖယ်ထုတ်လိုလျှင် ကုမ္ပဏီ၏ ပုဂ္ဂလိကလုံခြုံရေး မူဝါဒအရ ညွှန်ကြားချက်ပေးနိုင်ရန် အတွက်မည်ကဲ့သို့ ဖယ်ထုတ်ရမည် ကို တိုင်ပင် ရပါမည်။

## ကိုယ်ရေးအချက်များနှင့်ဆက်စပ်၍ထပ်ဆောင်းအချက်များ

### ကိုယ်ရေးအချက်များအားမည်ကဲ့သို့ပြောင်းလဲနိုင်သနည်း။

အသုံးပြုသူမှ ဖြည့်စွက်ထားသောအချက်များအား အသုံးပြုသူ၏ အကောင့်ရှိ'setting'တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ မှတ်ပုံတင်ထားသော ငွေချေးသူဖြစ် လျှင် password, email, phone number, bank account information or mailing address များကို နှစ်သက်သည့်အချိန် ပြောင်းနိုင်မည်ဖြစ်သည်။ ချေးငွေမရယူမီ အချို့သော ပြောင်းလဲမှုများသည် ချေးငွေပုံစံအသစ်ကို ရွေးချယ်ရန် လိုအပ်နိုင်ပါသည်။ သင့်လျော်သော အချိန်အတွင်း အသုံးပြုသူ၏ တောင်းဆိုချက်များအား ကျွန်တော်တို့မှ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ အချို့သောအချက်များပြောင်းလဲရန်မှု help@motherfinance.com.mm သို့ ဆက်သွယ် နိုင်ပါသည်။ အသုံးပြုသူ၏ အချက်အလက်များအားအနည်းဆုံး(၇)နှစ် ထိန်းသိမ်းထားမည်ဖြစ်ပြီး ထို့အပြင်အသုံးပြုသူများ အားဝန်ဆောင်မှုပေးနေသမျှကာလပတ်လုံး၊ ကျွန်တော်တို့၏ ဥပဒေအကြောင်းရာများ လိုက်နာခြင်း၊ အငြင်းပွားဖယ်ရာများ ဖြေရှင်းခြင်း၊ စီစစ်ခြင်းများ ဆောင်ရွက်ခြင်း၊ စာရင်းစစ်များလိုအပ်သမျှ ကာလပတ်လုံးအပြင် သဘောတူညီချက်များ ပြဋ္ဌာန်းခြင်းနှင့် အခြားဥပဒေကြောင်းဆိုင်ရာ လိုအပ်ချက်များအတိုင်း ထိန်းသိမ်းသွားမည်ဖြစ်သည်။

### Mother Finance မှအချက်အလက်များအားလုံခြုံအောင်မည်ကဲ့သို့ဆောင်ရွက်သနည်း

Mother Finance သည် သတ်မှတ်ထားသော စိတ်ချရသည့်လုံခြုံရေးအကာအကွယ်များ အသုံးပြုပါသည်။ အရာဝတ္ထုဆိုင်ရာ၊ နည်းပညာ(လျှပ်စစ်ဆိုင်ရာ) နှင့် စနစ်တကျ ထိန်းချုပ်မှုများ ဖြင့်ကာကွယ်ထားပါသည်။အချက်အလက်များ ပေးပို့စဉ်အချိန်နှင့် လက်ခံပြီးအချိန်များတွင် ပါကာကွယ်ပေးပါသည်။ အချက်အလက်များ လုံခြုံရေးနှင့်ပတ်သက်၍ သိရှိလိုပါလျှင် help@motherfinance.com.mm သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ Mother Finance သည် ဆာဗာအားလုံး၌ Extended Validation (EV) Secure Socket Layer(SSL) များတပ်ဆင်ထားပြီး အသုံးပြုသူများ website ကို အသုံးပြုသောအချိန်တွင် ဖြည့်သွင်းသော အချက်အလက်များအားလုံး သည် ကျန်သောဆာဗာများထံသို့ လုံခြုံစိတ်ချရသော လမ်းကြောင်းများမှ ဖြတ်သန်း

ပေးပို့မည်ဖြစ်ပါသည်။ စနစ်ထဲရောက်သောအခါတွင်လည်း ထိုအချက်အလက်များသည် သတ်မှတ်ထားသောဆားဗစ်နေရာများမှသာ ဖတ်ရှုခြင်းရေးသားခြင်းပြုလုပ်နိုင်မည်ဖြစ်ပြီး ထိုလုပ်ငန်းစဉ်သည် လျှို့ဝှက်နံပါတ်များဖြင့်လည်းကာကွယ်ထားပါသည်။ အချက်အလက်လုံခြုံရေး အတွက် နည်းပညာကာကွယ်ရေး စနစ်များဖြစ်သော combination of encryption, firewalls, intrusion detection system, malware detection system များဖြင့် ကာကွယ် ထားပါသည်။ ထို့အပြင် Mother Finance သည် စနစ်များနှင့်လုပ်ငန်းစဉ်များအား အားနည်းချက် ရှာဖွေခြင်းများအားလည်း ပုံမှန်ပြုလုပ်ပါသည်။ System ထဲသို့ဝင်ရောက်ခွင့်မှာ လည်း တင်းကျပ်စွာ ထိန်းချုပ်ထားသည့် အပြင်သတင်းရယူရန် လိုအပ်သူမှသာ ဝင်ခွင့်ရမည် ဖြစ်သည်။ အုပ်ချုပ်မှု ကာကွယ်ရေးအနေ ဖြင့် စနစ်တကျ လေ့ကျင့်ပေးထားသူများနှင့် ယုံကြည်ရသူများသာ သတင်း အချက်အလက်များအား ရယူခွင့်ရှိမည်ဖြစ်ပြီး ထို့ပြင်လုံခြုံရေး သတိပေး ပရိုဂရမ်များ၊ နောက် ကွယ် မှ စစ်ဆေးချက်များ နှင့် အတွင်း သတင်းအချက်အလက်များ အသုံးပြုနိုင်သော မူဝါဒများ အားလည်း အုပ်ချုပ်မှု ကာကွယ်ရေးစနစ်အနေဖြင့်ထား ရှိပါသည်။

**ဒေတာစင်တာလုံခြုံရေး**

ကျွန်တော်တို့သည် ထိခိုက်လွယ်သော. ငွေကြေးဆိုင်ရာအချက်အလက်များအား state-of-the-art တွင် သိမ်းဆည်းထားပါသည်။. ၎င်းသည်အလွန် လုံခြုံသောဒေတာစင်တာဖြစ်ပြီး SSAE 16 Type 2 နှင့်/ သို့မဟုတ် SOC 2 Type 2 စံညွှန်းများနှင့်အညီ အစစ်ဆေးခံပြီးဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ ဝင်ရောက်ခွင့်များကိုလည်း ဒေတာစင်တာတွင်တင်းကျပ်စွာ ထိန်းချုပ်ထားပြီး နောက်ဆုံးပေါ် ခြိမ်းခြောက်မှု ကာကွယ်ရေး နည်းပညာများဖြစ်သော network and web application firewalls, VPN, antivirus, Web filtering and anti-spam technologies များအသုံးပြုထားပါသည်။

**လုပ်ငန်းပြီးဆုံးစေခြင်း (Session Time-outs)**

အသုံးပြုသူ၏အကောင့်အား လုံခြုံစေရန် လုပ်ငန်းပြီးဆုံးစေခြင်းစနစ်အား ကျွန်တော်တို့ ထည့်သွင်းပေးထားပါသည်။ အသုံးပြုသူသည် အချိန်အတိုင်း အတာတစ်ခုအထိ ကျွန်တော်တို့ App အား အသုံးမပြုပဲထားလျှင် အသုံးပြုသူသည် App မှ အလိုအလျောက် ပြန်လည်ထွက်ခွာသွားမည်ဖြစ်သည်။ထိုကဲ့သို့ထွက်သွားစေခြင်းသည် အသုံးပြုသူသည် မေ့လျော့ကာ ကွန်ပြူတာအား ဖွင့်ထားခဲ မိ့လျှင် တစ်စုံတစ်ယောက်မှ ထိုအသုံးပြုသူ၏ အကောင့်အား ဝင်ရောက်အသုံးပြုနိုင်ခြင်းမှ ကာကွယ်ပေးထားခြင်း ဖြစ်သည်။

**လျှို့ဝှက်နံပါတ်**

အသုံးပြုသူသည အနည်းဆုံးအနေဖြင့် လျှို့ဝှက်နံပါတ်အား နံပါတ်တွင်မကပဲ အက္ခရာပါပူးတွဲ၍ သတ်မှတ်သင့်သည်။ အကယ်၍လျှို့ဝှက်နံပါတ်အား. မေ့လျော့သွားခဲ့လျှင်လည်း လုံခြုံ စိတ်ချ

ရသော အဆင့်များဖြင့် အကောင့်အား ပြန်လည် ဝင်ရောက်နိုင်ရန်လည်း ကျွန်တော်တို့ ဆောင်ရွက်ပေးပါသည်။ အခြား သူများခန့်မှန်းရခက်သော လျို့ဝှက်နံပါတ်မျိုးကို ရွေးချယ်ရန်လိုပြီး မကြာခဏ လည်း ပြောင်းလဲသတ်မှတ်သင့်ပါသည်။

## ကိုယ်ရေးအချက်အလက်များပိုမိုလုံခြုံစေရန်ထပ်မံလုပ်ဆောင်သင့်သောအချက်များ

Mother Finance သည် အသုံးပြုသူ၏အကောင့်နှင့်ပတ်သက်၍အရေးကြီးသောအချက်များအား email / App မှ တဆင့်ပို့ပေးမည်ဖြစ်သည်။ ထို့ကြောင့် အသုံးပြုသူ၏ email /App အားလည်း လုံခြုံမှုမြင့်စေရန် ဆောင်ရွက်သင့်ပြီး email /App password အားလည်း မကြာခဏ ပြောင်းသင့်သည် ။ ထို့အပြင်အတုအယောင် email များကိုလည်း သတိထားသင့်သည်။ ထိုကဲ့သို့သော email များကို' phishing'ဟုခေါ် ပြီး Mother Finance ကုမ္ပဏီ ဖြစ်ပါ သည်ဟု ပြောဆိုပြီး အသုံးပြုသူ၏ အကောင့်အချက်အလက်များ သို့မဟုတ် အခြားအကောင့်တစ်ခု၏ အချက်အလက်များ တောင်းဆိုတတ် သည်။ Mother Finance သည် အသုံးပြုသူ၏ ဝင်ရောက်ရန် လိုအပ်သောအချက်များအား မည် သည့် အခါမျှemail ဖြင့်တောင်းဆိုမည်မဟုတ်ပါ။ ကျွန်တော်တို့၏ App အား အသုံးပြုပြီးသောအခါ အသုံးပြုသူသည် စနစ်တကျသေချာစွာပြန်လည်ထွက်ရန်လိုအပ်ပါသည်။ ထို့နောက် App အား ပိတ်ရန် လိုအပ်ပြီး cache files and saved passwords များအား သေချာရှင်းလင်းရန် လိုအပ်ပါသည် ။ ထိုအချက်သည် အရေးကြီးသည် အချက်ဖြစ်ပြီး အထူးသဖြင့် အများသုံး စာကြည့်တိုက် နှင့် internet cafe ကဲ့သို့သော phone မျှဝေသုံးစွဲရသော နေရာများအတွက် ပိုမိုအရေးကြီးပါသည်။

## မူဝါဒအပြောင်းအလဲများ

အသစ်ပြောင်းလဲထားသော ပုဂ္ဂလိကလုံခြုံရေးဆိုင်ရာမူဝါဒသည် website ပေါ်တွင်ဖော်ပြသည် နှင့်တပြိုင်နက် အသက်ဝင်မည်ဖြစ်သည်။ အရေးကြီးသော ပြောင်းလဲမှုများပြုလုပ်ခဲ့လျှင် အသုံးပြုသူများထံ email/App မှတဆင့် အကြောင်းကြားမည်ဖြစ်သည်။ သို့မဟုတ်ပြင်ဆင် တည်းဖြတ်ထားသော မူဝါဒအား Mother Finance မှတဆင့်အသုံးပြုသူအကောင့်များတွင် ဖော်ပြသွားမည်ဖြစ်ပါသည်။ မူဝါဒအသစ်အားသိရှိပြီးနောက်ကျွန်တော်တို့၏ဝန်ဆောင်မှုအား ဆက်လက် အသုံးပြုမည်ဆိုပါက အသုံးပြုသူသည် မူဝါဒအသစ်အား လက်ခံသည်ဟု အဓိပ္ပါယ် သက်ရောက်မည်ဖြစ်ပါသည်။

သီးခြားအချက်အလက်များအတွက် ဖြစ်စေသို့မဟုတ် Mother Finance ၏မူဝါဒနှင့် လုပ်ဆောင်ချက် များအား မေးမြန်းလိုသောအခါတွင်ဖြစ်စေ help@motherfinance.com.mm သို့ မေးခွန်းနှင့်သိလိုသော အကြောင်းအရာများ ပေးပို့မေးမြန်းနိုင်ပါသည်။ ထို့အပြင် မေးခွန်းနှင့်သိလိုသော အကြောင်း အရာများအား အောက်ပါလိပ်စာသို့လိပ်မူ၍ လည်းမေးမြန်းနိုင်ပါသည်။

**Mother Finance Co., Ltd. Attn: ဥပဒေနှင့်စုံစမ်းရေးဌာန၊အမှတ်၄၄/၄၆လမ်း၂၊ အကွက်၁။**
**လမ်းမတော်မြို့နယ်၊ရန်ကုန် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်။**
**အကျုံးဝင်သည့်နေ့ဂျူလိုင်၁၊၂၀၁၈**